# မြန်မာနိုင်ငံအကူအညီပေးရေးညီလာခံ (၁)

ရန်ကုန်မြို့မှ ဒီနေ့မနက်လုပ်ခဲ့တဲ့ နိုင်ငံတကာအကူအညီပေးရေးညီလာခံမှာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတကာ အကူအညီများကို လက်ခံမှာဖြစ်ပေမယ့် သဘောင်္များနဲ့ လာရောက်ရာမှာ အရပ်ဘက်သင်္ဘောများကိုသာ လက်ခံမယ်လို ထပ်ပြီးပြောသွားပါတယ်။ ဝန်ကြီးချုပ်က အရေးအကြီးဆုံး လုပ်ငန်းစဉ်က လယ်ယာလုပ်ငန်းများ ပြန်စနိုင်ဖို့အတွက် သက်ဆိုင်ရာ ကျေးရွာတွေကို ပြန်ထူထောင်ဖို့ဖြစ်တယ်။ ဒါ့ကြောင့် နေရပ်ပြန်မယ့် လူတွေကို ရိက္ခာအလုံအလောက်ပေးဖို့၊ အမိုးတွက် သွပ်နဲ့သွပ်သံ၊ ပလတ်စတစ်စ၊ မိုးကာတဲများ၊ လယ်လုပ်ငန်းပြန်စနိုင်ဖို့ လက်တွန်းထွန်စက်၊ မျိုးစပါး၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ စတာတွေ အရေးတကြီးလိုတယ်လို့ ပြောသွားတယ်။ ဒါ့အပြင် ဧရာဝတီတိုင်းက လျော့သွားမယ့် စပါးအထွက်နှုန်းကို ကာမိအောင် အခြားဒေသတွေမှာ စပါးအထွက်တိုးရေးအတွက် ပိုင်းကူဖို့လဲပြောသွားတယ်။ နောက်ပြီးရေလုပ်ငန်းတွေ ပြန်လည်ထူထောင်ဖို့လိုတဲ့ အကြောင်း လဲ ပြောသွားပါတယ်။

အတွင်းရေးမှူးချုပ်ဘန်ကီမွန်းကတော့ သူ့လေ့လာရေးခရီးစဉ်အတွင်းမှာ နေအိမ်များ၊ ရွာများ ပြန်ဆောက်နေတာ တွေ့ခဲ့လို့ မြန်မာပြည်သူတွေရဲ့ ပြန်လည်ရုန်းထနိုင်တဲ့ စွမ်းအားကို ချီးကျူးကြောင်း၊ ကယ်ဆယ်ရေးလုပ်သားများ နှောင့်နှေးမှုမရှိဘဲ ဝင်ခွင့်ရဖို့လိုသလို ရဟတ်ယာဉ်နဲ့ မော်တော်ဘုတ်များထပ်လိုမယ်လို့ ပြောသွားတယ်။ ကယ်ဆယ်ရေး လုပ်ငန်းများကို ခြောက်လလောက် ဆက်လုပ်ရမှာဖြစ်ပြီး တစ်ချိန်တည်းမှာပဲ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တစ်ပြိုင်တည်းလုပ်ရမှာဖြစ်တယ်။ အခု အချိန်ထိ တွက်ချက်မှုများအရ ဒေါ်လာသန်း ၂၀၀ ကျော်လိုမယ်။ အခု ထိ အဲဒါရဲ့ ၃၀% ပဲရသေး တယ်လို့ ပြောသွားပါတယ်။

အမျိုးသားစီမံကိန်းဝန်ကြီး ဦးစိုးသာက ပျက်စီးမှုအခြေအနေတွေ ရှင်းပြရာမှာ မုန်တိုင်းဒဏ် ကြောင့် ဘဲကောင်ရေ ခြောက်သိန်း ခြောက်သောင်းကျော်၊ ကြက်အကောင်ရေ တစ်သန်း ခြောက်သောင်းတစ်ထောင်ကျော်၊ ကျွဲနွားကောင်ရေ ခြောက်ထောင်ကျော်၊ ငါးကန်ဧက သုံးသောင်းငါးထောင် ကျော်ပျက်စီးခဲ့ရတယ်လို့ ပြောသွားပါတယ်။

ဒီအစည်းအဝေးမှာ အလှူရှင်တွေက ဘယ်လောက်ကူညီဖို့ ကတိပြုခဲ့တယ်ဆိုတာတော့ မသိရ သေးပါဘူး။

## မြန်မာနိုင်ငံအကူအညီပေးရေးညီလာခံ (၂)

နာဂစ်မုန်တိုင်းဒဏ်ခံရတဲ့ မြန်မာပြည်သူများကို အကူအညီပေးမယ့် pledging conference ကို ဒီနေ့မနက် ၁၁ နာရီမှာ ဆီဒိုနားဟိုတယ်၊ ရန်ကုန်မှာ လုပ်ပါတယ်။ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းတို့ ဦးစီးပြီး ကျင်းပပါတယ်။ နိုင်ငံပေါင်း ၅၀ နဲ့ အဖွဲ့ပေါင်း ၂၇ ဖွဲ့က ကိုယ်စားလှယ် ၃၅၀ ကျော်တက်တယ်လို့ သိရပါတယ်။ မြန်မာသံရုံးမရှိတဲ့ နိုင်ငံများက ကိုယ်စားလှယ်များကိုတော့ ရန်ကုန်လေဆိပ်ရောက်မှ ဆိုက်ရောက်ဗီဇာ Visa on Arrival ပေး တယ်လို့ သိရပါတယ်။

မေ ၂၄ တုံးကတော့ ဘန်ကောက် ဒွန်မောင်းလေဆိပ်မှာ အာဆီယံခေါင်းဆောင်ပြီး အကူအညီ ပေးတဲ့နေရာမှာ အခြေစိုက် စခန်းအဖြစ်သုံးမယ့် ကုန်လှောင်ရုံနဲ့ အုပ်ချုပ်ရေး အဆောက်အအုံများကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီအခမ်းအနားကို ဘန်ကီမွန်းရော၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ကော တက်ခဲ့ပါတယ်။ မေ ၁၉ တုံးက အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများက မြန်မာနိုင်ငံကို အကူအညီပေးတဲ့နေရာမှာ ဦးဆောင်မယ့် ASEAN Humanitarian Task Force ကို ဖွဲ့စည်းခဲ့ပါတယ်။ ဒေါက်တာဆူရင်က မေ ၂၅ နိုင်ငံတကာညီလာခံပြီးရင် အဲဒီ Task Force ရဲ့ ပထမဆုံးအစည်းအဝေးကို လုပ်မယ်လို့ ပြောသွားပါတယ်။

## ကယ်ဆယ်ရေးသတင်း (၁)

၁။ မေ ၂၄ တွင် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တက္ကသိုလ်အတွင်း မုန်တိုင်းဒဏ် ကြောင့် ပျက်စီးမှုများကို လိုက်လံစစ်ဆေး သည့် သတင်းတွင် ရန်ကုန်တက္ကသိုလ်၏ အဓိက အမှတ်အသားဖြစ်သည့် သစ်ပုတ်ပင်ကြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုမရှိဘဲ မားမား မတ်မတ်ရှိနေဆဲ ဖြစ်သည်ကို တွေ့ခဲ့ရသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးတပ်၊ နိုင်ငံတကာဆေးအဖွဲ့များ ပူးပေါင်းပြီး မေ ၂၃ အထိ ဖျားနာလူနာ ၉၈၁၀ ဦး၊ ထိခိုက်လူနာ ၃၈၇၂ ဦး၊ သာမန်ဝမ်းပျက်ရောဂါ ၁၅၆၂ ဦးကို ကုသပေးခဲ့ကြောင်း၊ ကူးစက်ရောဂါများ ကပ်ရောဂါအသွင် ဖြစ်ပွားမှု မရှိကြောင်း သိရသည်။ မြောင်းမြမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ကာလဝမ်းရောဂါ ကာကွယ်ဆေးများ

ထိုးပေးခြင်း၊ ဂမ်းရောဂါဖြစ်သူများကို ဂမ်းရောဂါရှိမရှိ ဓာတ်ခွဲစစ်ဆေးခြင်း၊ သံသယရှိသူများကို ပဋိဇီဝဆေးများ တိုက်ခြင်းတို့ ပြုလုပ်ပေးနေသည်။

၃။ လပွတ္တာမြို့နယ်တွင် ရောက်ရှိနေသော ထိုင်းဆေးအဖွဲ့က မေ ၁၉ မှ ၂၃ အထိ လူနာ ကိုးရာကျော်ကို ကုသခြင်း၊ ဒုက္ခသည် စခန်းများရှိ ဒုက္ခသည်များကို လိုက်လံစစ်ဆေးခြင်း များပြုလုပ်ပေးခဲ့သည်။

၄။ ဘိုကလေးမြို့နယ် ကျွန်းသာယာကျေးရွာအုပ်စု ပြန်လည်ထူထောင်ရေးအတွက် တရုတ် လက်တွန်းထွန်စက် ၃၃ စီး၊ မျိုးစပါး တင်းပေါင်းနှစ်သောင်း၊ ဆန်အိတ်တစ်ထောင်နှင့် ကယ်ဆယ်ရေးပစ္စည်းများကို လှူဒါန်းခဲ့သည်။ အလားတူပင် ကွမ်းသီးချောင်ကျေးရွာ အတွက် လက်တွန်းထွန်စက် ၈ စီး၊ မျိုးစပါး တစ်တစ်ထောင်၊ ဆန်အိတ် တစ်ရာနှင့် ကယ်ဆယ်ရေး ပစ္စည်းများ လှူဒါန်းခဲ့သည်။

၅။ ပြည်တွင်း အလှူရှင်များက မေလ ၂၄ ရက်နေ့တွင် ငွေနှင့်ပစ္စည်း သိန်းခြောက်ရာ သုံးဆယ်ကျော် လှူဒါန်းခဲ့ပြီး ယနေ့အထိ လှုဒါန်း ငွေ စုစုပေါင်းမှာ သန်းကိုးထောင့်လေးရာ ကျော်သွားပြီ ဖြစ်သည်။

၆။ ကယ်ဆယ်ရေးပစ္စည်းရောက်ရှိမှု

(က) ဒိန်းမတ်ကြက်ခြေနီနှင့် သြစတေးလျကြက်ခြေနီအသင်း ၃၈ တန်။

( ခ) ICRC ၁၈တန်။

( ဂ) အမေရိကန် ၃၅ တန်။

(ဃ) နယ်စည်းမခြားဆရာဝန်များအဖွဲ့ ၃၂ တန်။

( င) UNHCR ၄၂ တန်။

( စ) Save The Children ၅၂ တန်။

## ကယ်ဆယ်ရေးသတင်း (၂)

၁။ ကုလသမဂ္ဂက မုန်တိုင်းဒဏ်ခံရသူ ၂.၄ သန်းအနက် ၄၃ % ဖြစ်သည့် ၁ဂ၁၇ဂဂဂ ဦးကို အတိုင်းအတာ တစ်ခုအထိ ကယ်ဆယ်ရေး ပစ္စည်းများထောက်ပံ့နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ ထောက်ပံ့ရာတွင် ကုလသမဂ္ဂနှင့် NGO များက ခုနစ်သိန်းကိုးသောင်းကျော်ကို ထောက်ပံ့ ပေးနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

၂။ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသည့် Humanitarian Country Team က ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ရာတွင် ဒေသအလိုက် လိုအပ်ချက်

များကို ဦးစားပေးအစီအစဉ်အတိုင်း ပေးပို့နိုင်ရေးအတွက် စိစစ်မည့် စနစ်တစ်ရပ်ကို ထူထောင်ပြီးဖြစ်ကြောင်း UNOCHA က သတင်းထုတ်ပြန်ခဲ့သည်။

၃။ ဖိလစ်ပိုင်နိုင်ငံမှ အဖွဲ့ဝင် ၃၀ ဦးပါဝင်သည့် ဆေးအဖွဲ့သည် မေ ၂၆ ရက်နေ့တွင် ရန်ကုန်သို့ ရောက်ရှိပြီး ပုသိမ်တွင် ဆေးရုံ ဖွင့်လှစ်မည်ဟုသိရှိရသည်။

၄။ WFP ကမေ ၂၃ ရက်နေ့တွင် ဆန် တန် ၁၀၀၊ ဘီစကစ် တန် ၄၀ နှင့် ကယ်ဆယ်ရေး ပစ္စည်း အထုပ် ၁၅၀ ကို ဖျာပုံသို့ သင်္ဘောဖြင့်ပို့ဆောင်ခဲ့သည်။ မေ ၂၄ ရက်နေ့တွင် ဘိုကလေးသို့ ကယ်ဆယ်ရေးပစ္စည်းတန် ၆၀၀ သင်္ဘောဖြင့် ပို့ဆောင်ခဲ့သည်။

၅။ မေ ၂၃ ရက်နေ့အထိ မြန်မာနိုင်ငံသို့ လေယာဉ်များ ရောက်ရှိမှုမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က) နိုင်ငံများမှ ပို့ဆောင် ၇၇ ခေါက်။ ( အမေရိကန် ၄၅ ခေါက်အပါအဝင်)

( ခ) ကုလသမဂ္ဂအဖွဲ့အစည်းများ ၂၆ ခေါက်။

( ဂ) IOM အဖွဲ့ တစ်ခေါက်။

(ဃ) IFRC ၃၀ ခေါက်။

( င) NGO များ ၁၆ ခေါက်။

-----------------------------------------------